
ပါရမီရှင်တစ်ယောက်ရဲ့
ထင်ဝိုင်းကြဲ
ဒိုင်ယာရီ
စာစဉ်–၂
Translator-Heavenly Dao Translation Sect

# ပါရမီရှင်တစ်ယောက်ရဲ့ထင်တိုင်းကြဲ ဒိုင်ယာရီ
## (စာစဉ်-၂)
## အခန်း (၁၁)
## အဆင့်မြင့် သိုင်းပညာ၊ အဆင့်မြင့် လျှို့ဝှက်ဆန်းကြယ်မှု၊ အဆင့်သုံးဆင့်၊ နယ်မြေကိုးခု

*

ဤကမ္ဘာကြီးသည် ခန့်မှန်း၍မရနိုင်လောက်အောင် ရှည်ကြာသော အချိန်ကာလတစ်ခုအထိ တည်ရှိနေ ခဲ့၏။ ၎င်း၏ မူလအစကို ခြေရာခံရန် မဖြစ်နိုင်ချေ။

ဝေးကွာသော ရှေးဟောင်းခေတ်တွင် မျိုးနွယ်စုပေါင်းစုံတို့သည် ကြီးစိုးနိုင်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းခဲ့ကြပြီး အားလုံးက မဟာတာအိုကို လိုက်စားခဲ့ကြလေသည်။

မွေးရာပါ အားနည်းသော လူသားမျိုးနွယ်သည် ခိုင်မာသော စိတ်ဓာတ်နှင့် အဆုံးမရှိသော ကိုယ်တိုင် ကျင့်ကြံမှုအပေါ် မှီခိုကာ အဆင့်ဆင့် ထိပ်ဆုံးသို့ တက်လှမ်းခဲ့ပြီး ဤနယ်မြေ၏ လွှမ်းမိုးနိုင်သော မျိုးနွယ်စု ဖြစ်လာခဲ့၏။

ကောင်းကင်နှင့်မြေကြီး၏ ဖန်တီးနိုင်စွမ်းကို လုယူသော ဤကျင့်ကြံခြင်းနည်းလမ်းကို ယခုအခါ သိုင်းတာအိုဟု ခေါ်ဆိုကြပေသည်။

သေမျိုးမှစတင်၍ အထက်သို့ တက်လှမ်းရာတွင် အဆင့်ဆယ့်နှစ်ဆင့်

ခွဲခြားထား၏။

ငင်းတို့မှာ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း၊ စိတ်ဝိညာဉ်သန့်စင်ခြင်း၊ စိတ်ဝိညာဉ်ပုံသွင်းခြင်း၊ နီဗားနား၊ ခရမ်း စံအိမ်၊ ငရဲလိုဏ်ဂူ၊ ထင်ရှားပေါ်လွင်ခြင်း၊ တာအိုသတ်မှတ်ခြင်း၊ ကောင်းကင်အရှင်သခင်၊ သူတော်စင် ဘုရင်၊ နတ်ဘုရားကူးဖြတ်ခြင်းနှင့် စစ်မှန်မှုသို့ပြန်သွားခြင်း တို့ဖြစ်ကြသည်။

ရှုပ်ထွေးပုံရသော်လည်း ခွဲခြားမှုမှာ အမှန်တကယ်တော့ ရိုးရှင်းပေသည်။ အဓိက အဆင့်သုံးဆင့်နှင့် အသေးစား နယ်မြေကိုးခုသာ ဖြစ်၏။

အဓိက အဆင့်တစ်ခုစီကြားတွင် ချိုးဖောက်ဝင်ရောက်ရန် အလွန် ခက်ခဲသော အတားအဆီးတစ်ခု ရှိနေပေသည်။

ပထမဆုံး အဓိက အဆင့်မှာ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း၊ စိတ်ဝိညာဉ်သန့်စင်ခြင်းနှင့် စိတ်ဝိညာဉ်ပုံသွင်း ခြင်းတို့ ဖြစ်၏။

သေမျိုးများအတွက် ဤနယ်မြေသုံးခုထဲမှ တစ်ခုစီတိုင်းသည် လုံးဝအသစ်တဖန် ပြန်လည်မွေးဖွားခြင်း ၏ လက္ခဏာတစ်ရပ် ဖြစ်ပေသည်။

ရုပ်ခန္ဓာကိုယ်မှ စတင်ကာ ထို့နောက် ဝိညာဉ်နှင့် နတ်ဘုရားစိတ်အာရုံ၊ အရာအားလုံးကို ကျင့်ကြံရပေ သည်။

ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းအဆင့်မှာ အထူး အရေးကြီးလှပေ၏။

ငင်းသည် တာအိုအားလုံး၏ အမြစ်ဖြစ်ပြီး ရှေးဟောင်းခေတ်ကာလတွင် ငင်းကို ကြီးမားသော နယ်မြေ တစ်ခုဟု ခေါ်ဆိုခဲ့ကြလေသည်။

ထိုလူသူကင်းမဲ့သော ခေတ်ကာလတွင် ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း နဝမ အလွှာ ကျင့်ကြံသူတစ်ဦးသည် အော်သံတစ်ချက်ဖြင့် တောင်များကို ခွဲဖြာနိုင်ပြီး လက်သီးတစ်ချက်ဖြင့် တောင်တန်းများကို မှုန့်မှုန့်ညက် ညက်ကြေမွသွားစေနိုင်ကာ ချီအနည်းငယ် ထုတ်လွှတ်ရုံဖြင့် ကောင်းကင်မှ

ဥက္ကာပျံတစ်ခုကို ပစ်ချနိုင် ကြောင်း ရှေးဟောင်း မှတ်တမ်းများတွင် ဖော်ပြထားလေ၏။

ဤဖော်ပြချက်က နင်းဖန်ကို လုံးဝ မှင်တက်သွားစေခဲ့သည်။

ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းဆိုသည်မှာ သာမန်အရာတစ်ခု မဟုတ်ဘူးလား။

ဤကမ္ဘာရှိ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း ကျင့်ကြံသူများသည် အဘယ်ကြောင့် စူပါမင်းများကဲ့သို့ ဖြစ်နေရ

ပါသနည်း။

"ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း ကြီးမားတဲ့ နယ်မြေက မဟာတာအိုရဲ့ အခြေခံအုတ်မြစ်ကို ဖန်တီးပေးနိုင် တယ်... စာအုပ်ထဲက အတိုင်းသာ မှန်ရင် ဒီကမ္ဘာရဲ့ အမြင့်ဆုံး အတိုင်းအတာက ခန့်မှန်းလို့တောင် မရ နိုင်ဘူး..."

နင်းဖန်သည် အသက်ပြင်းပြင်း ရှူလိုက်၏။ သူသည် တစ်ချိန်က သူနေထိုင်ခဲ့သော ကမ္ဘာနှင့် ပတ်သက်၍ မည်သည့် အယူအဆမျှ မရှိခဲ့ချေ။

ယခု ကျမ်းစာဆောင်အတွင်းသို့ တစ်ကြိမ် ဝင်ရောက်ပြီးနောက် သူသည် အံ့အားသင့်စွာဖြင့် ရှာဖွေတွေ့ရှိခဲ့၏။

ဤသည်မှာ ကောင်းကင်ဘုံကို အံတုနိုင်သော တိုက်ခိုက်ရေးအင်အားရှိသည့် အဆင့်မြင့် သိုင်းပညာ၊ အဆင့်မြင့် လျှို့ဝှက်ဆန်းကြယ် ကမ္ဘာတစ်ခု ဖြစ်ပေသည်။

ကျင့်ကြံသူတစ်ဦးသည် စိတ်ဝိညာဉ်ပုံသွင်းခြင်း၏ အထွတ်အထိပ်သို့ ရောက်ရှိသောအခါ ပထမဆုံး ကြီးမားသော အတားအဆီးကို စတင်တိုက်ခိုက်နိုင်ပေသည်။

ထိုအတားအဆီးကို 'နီဗားနား' ဟု ခေါ်ဆို၏။

ပြာများထဲမှ အသစ်တဖန် ပြန်လည်မွေးဖွားခြင်းဟု အဓိပ္ပာယ်ရလေသည်။

နီဗားနားသည် အလွန်တရာ ခက်ခဲလှ၏။ ကြိုးစားမှုကို ကာကွယ်ပေးရန် အထူး ဆေးလုံးများ မရှိပါက ကျရှုံးမှုသည် သေဆုံးခြင်းနှင့် တာအို လုံးဝ ပျက်စီးသွားခြင်းကို ဆိုလိုပြီး အကောင်းဆုံး အခြေအနေတွင် မူ ကျင့်ကြံမှု ကျဆင်းသွားခြင်းကို ဖြစ်ပေါ်စေနိုင်၏။

သို့သော် အောင်မြင်ပါက ၎င်းသည် မီးတောက်များထဲမှ ရုန်းထွက်လာသော ဖီးနစ်ငှက်ကဲ့သို့ စစ်မှန်သော ပြန်လည်မွေးဖွားခြင်းဖြစ်ပြီး သေမျိုးမဟုတ်တော့ချေ။

တစ်ချိန်တည်းမှာပင် မဟာတာအိုကို လိုက်စားရန် ဝင်ခွင့်လက်မှတ် ရရှိပြီး ဆက်လက် ကျင့်ကြံနိုင်မည် ဖြစ်သည်။

"ခရမ်းစံအိမ်၊ ငရဲလိုဏ်ဂူနဲ့ ထင်ရှားပေါ်လွင်ခြင်းတွေက ဒုတိယအဆင့်ရဲ့ အကြောင်းအရာတွေပဲ… သူတို့ ရဲ့ အထွတ်အထိပ်ကို ရောက်သွားတာနဲ့ တာအိုသတ်မှတ်ခြင်း အတားအဆီးကို တိုက်ခိုက်လို့ရပြီ…။"

"ကျမ်းစာတွေအရ တာအိုသတ်မှတ်ခြင်းက အလွန် အန္တရာယ်များတယ်… ကျင့်ကြံသူက သူ့ရဲ့ ကိုယ်ပိုင် တာအိုကို ရှာဖွေပြီး ဒီကမ္ဘာကြီးပေါ်မှာ ရိုက်နှိပ်ရမယ်…။"

"တာအိုသတ်မှတ်ခြင်းကို အောင်မြင်တဲ့ ကျင့်ကြံသူတစ်ယောက်ဟာ သူ့ရဲ့ မဟာတာအိုကို မိုးကောင်း ကင်တာအိုနဲ့ ပဲ့တင်ထပ်စေတယ်… ထိုအချိန်က စပြီး တာအိုနဲ့ ကောင်းကင်ဟာ တန်းတူဖြစ်သွားပြီ… သူ့ကို သတ်ချင်ရင် အရင်ဆုံး သူ့ရဲ့ တာအိုကို ငြိမ်းသတ်ရမယ်…။"

"ထိုသို့မဟုတ်ပါက ရုပ်ခန္ဓာကိုယ် ဖျက်ဆီးခံရရင်တောင် သက်သေပြပြီး

သား တာအိုက နတ်ဘုရား ဝိညာဉ်ကို ရစ်ပတ်ပြီး ထွက်ပြေးနိုင်တယ်… နှစ်သောင်းချီကြာတဲ့အခါ လေဟာနယ်နယ်မြေမှာ ရုပ်ခန္ဓာကိုယ် ပြန်လည်ဖြစ်တည်လာပြီး ကမ္ဘာမြေကို ပြန်လာနိုင်တယ်…။"

အောက်ထပ်တွင် ယခုလေးတင် ဖတ်ခဲ့ရသော ဗဟုသုတများကို ပြန်လည်တွေးတောရေရွတ်ရင်း နင်းဖန် မှာ အလွန် တုန်လှုပ်သွားခဲ့၏။

တာအိုသတ်မှတ်ခြင်းသည် ကျင့်ကြံခြင်းလမ်းကြောင်းပေါ်ရှိ အဌမ မြောက် အဆင့် ဖြစ်သည်။

ဤကမ္ဘာတွင် တာအိုသတ်မှတ်ခြင်းကို အောင်မြင်သော ကျွမ်းကျင်သူများသည် သူတို့၏ တာအို မှေးမှိန် သွားမှသာ သေဆုံးမည် ဖြစ်၏။

ထို့ကြောင့် သီအိုရီအရ မိမိသက်သေပြသော တာအိုသည် လုံလောက်စွာအားကောင်းပါက ကောင်းကင် နှင့်အမျှ အသက်ရှည်နိုင်ပေသည်။

ဤအချက်မှနေ၍ စနစ်က သတ်မှတ်ထားသော ကောင်းကင်အရှင်သခင်နယ်မြေ၏ အလေးချိန်ကို စိတ်ကူးကြည့်နိုင်ပေသည်။

သမိုင်းတစ်လျှောက် ရေတွက်မရနိုင်သော နှစ်များတစ်လျှောက်တွင် ကောင်းကင်အရှင်သခင်သို့ ရောက်ရှိခဲ့သူအားလုံးမှာ လူသားများကြားရှိ နဂါးများဖြစ်ပြီး ကောင်းကင်နှင့်မြေကြီးက ရွေးချယ်ထား သူများ ဖြစ်ကြ၏။

ခေတ်တစ်ခေတ်တွင် မည်မျှ ပေါ်ထွက်လာနိုင်သနည်း။ လက်ချိုးရေတွက်၍ ရနိုင်ပေသည်။

၎င်းနောက်မှလာသော သူတော်စင်ဘုရင်နှင့် နတ်ဘုရားကူးဖြတ်ခြင်းတို့နှင့် ပတ်သက်၍မူ တွေးတောရန် ပင် မလိုအပ်ချေ။

၎င်းတို့မှာ ဒဏ္ဍာရီများထဲတွင်သာ တည်ရှိပေသည်။

အောက်ထပ်ရှိ ကျမ်းစာများကသာ တိကျပါက လက်ရှိခေတ်တွင် သူတော်စင်ဘုရင် အနည်းငယ် ရှိကောင်းရှိနိုင်သော်လည်း နတ်ဘုရားကူး ဖြတ်ခြင်းမှာမူ လုံးဝ မရှိချေ။

ထိုထက်ကျော်လွန်သော နောက်ဆုံး အတားအဆီးဖြစ်သည့် စစ်မှန်မှုသို့ ပြန်သွားခြင်း မှာ ဆွေးနွေးရန် ပင် မတန်တော့ချေ။

အားလုံးကို ခြုံငုံကြည့်လျှင် ကောင်းကင်အရှင်သခင်သို့ ရောက်ရှိရန်မှာ အမှန်တကယ်ပင် လွယ်ကူသော အလုပ်တစ်ခု မဟုတ်ချေ။

"ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း နဝမအလွှာက အော်သံနဲ့ တောင်တွေ၊ မြစ်တွေကို ခွဲဖြာနိုင်တယ်၊ တာအို သတ်မှတ်ခြင်း ကျွမ်းကျင်သူတွေက သေဆုံးခြင်းမရှိ၊ ပျက်စီးခြင်းမရှိဘူး။ ဒီကမ္ဘာကြီးက ဘယ်လောက် တောင် မှော်ဆန်ပြီး ခမ်းနားလိုက်သလဲ…။"

သူ၏ ပြန့်ကျဲနေသော အတွေးများကို စုစည်းလိုက်ပြီးနောက် နင်းဖန်၏ အကြည့်များမှာ တဖြည်းဖြည်း စူးရှလာခဲ့၏။

"ဒါပေမယ့် အခုလောလောဆယ် အရေးအကြီးဆုံးက သင့်တော်တဲ့ ခန္ဓာကိုယ်သန့်စင်ခြင်း နည်းစနစ် တစ်ခုကို ရွေးပြီး ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းအဆင့်ကို ဝင်ရောက်ဖို့ပဲ…။"

လူသားမျိုးနွယ်သည် မရေမတွက်နိုင်သော ခေတ်ကာလများစွာ တိုးတက်စည်ပင်လာခဲ့ပြီး ကျင့်ကြံခြင်း နည်းလမ်းများစွာကို စုဆောင်းနိုင်ခဲ့၏။

နောင်လာနောက်သားများသည် အကောင်းဆုံးကို ရွေးချယ်ကာ ကျင့်ကြံခြင်းနည်းစနစ် အမျိုးမျိုးကို ဖန်တီးခဲ့ကြလေသည်။

ယနေ့ခေတ်တွင် ၎င်းတို့ကို အဓိက အမျိုးအစား နှစ်ခု ခွဲခြားထား၏။

တစ်မျိုးမှာ အသေးစား နယ်မြေတစ်ခုတည်းကိုသာ ရည်ရွယ်သည်။

အခြားတစ်မျိုးမှာ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်းမှ စတင်၍ အသုံးပြုနိုင်ပြီး အဓိက အဆင့်များစွာကို ဖြတ်သန်းနိုင်သော ပြီးပြည့်စုံသည့် စနစ်တစ်ခုကို ဖွဲ့စည်းထားပေသည်။

တစ်ခုစီတွင် အားသာချက်နှင့် အားနည်းချက်များ ရှိကြ၏။

ပထမအမျိုးအစားမှာ နယ်မြေတစ်ခုတည်းကိုသာ အာရုံစိုက်ထားသဖြင့် အများအားဖြင့် အလွန် အင်အားကြီးမားလေ့ရှိသည်။

အားနည်းချက်မှာ ထင်ရှား၏။ သင် ချိုးဖောက်ဝင်ရောက်ပြီးသည်နှင့် နည်းစနစ်အသစ်တစ်ခုကို ရှာဖွေ ရမည် ဖြစ်သည်။

ဒုတိယအမျိုးအစားမှာ စွမ်းအားမှာ အလယ်အလတ်သာ ရှိသော်လည်း နည်းစနစ်များကို အမြဲတမ်း ပြောင်းလဲနေရသည့် ဒုက္ခမှ ကင်းဝေးစေသည်။

ယေဘုယျအားဖြင့် ကျောထောက်နောက်ခံနှင့် အရင်းအမြစ်များရှိသော ကျင့်ကြံသူများသည် ပထမ နည်းလမ်းကို ရွေးချယ်ကြ၏။

အဘယ်ကြောင့်ဆိုသော် နယ်မြေတစ်ခုစီကို ၎င်း၏ အမြင့်ဆုံး အကန့်အသတ်အထိ တွန်းပို့ခြင်းဖြင့်သာ ပြိုင်ဘက်များကို အဝေးကြီးတွင် ချန်ထားရစ်နိုင်သောကြောင့်ပင်။

နည်းစနစ်များကို မကြာခဏ ပြောင်းလဲခြင်းနှင့် ပတ်သက်၍မူ ၎င်းမှာ သူတို့အတွက် ပြဿနာ မဟုတ် ချေ။

ယခုအချိန်တွင် နင်းဖန်သည်လည်း ပထမလမ်းကြောင်းကို အလိုရှိနေခဲ့၏။

မည်သို့ပင်ဆိုစေ ထိုက်ရီအစစ်အမှန်ဂိုဏ်းရှိ လူအားလုံး ပျောက်ကွယ်သွားပြီး ဂိုဏ်း၏ အရင်းအမြစ်များ အားလုံးကို အလွယ်တကူ ရယူနိုင်နေပြီ

ဖြစ်သည်ပင်။

သူသည် ထိပ်တန်းအဆင့် နည်းစနစ်များကို မည်သို့ လိုအပ်နေနိုင်မည်နည်း။

ထို့ကြောင့် သူသည် အင်အားကြီးမားသော ရုပ်ခန္ဓာကိုယ်တစ်ခု ဖန်တီးရန် အမြင့်ဆုံး ခန္ဓာကိုယ်သန့်စင် ခြင်းအဆင့် နည်းစနစ်တစ်ခုကို ရွေးချယ်ရန် စီစဉ်ထားခဲ့လေ၏။

သူသည် သတ္တမထပ်ရှိ နည်းစနစ်များကို ကြည့်ရှုခဲ့ပြီးဖြစ်သော်လည်း မည်သည့်အရာကမျှ မသင့် တော်ချေ။ ၎င်းတို့၏ အဆင့်များမှာ နိမ့်လွန်းနေသည်။

သူ၏ကျင့်ကြံခြင်းကို ခံရနိုင်ရန် သူတို့တွင် မည်သည့် အရည်အချင်းများရှိသနည်း။

သူသည် ရှေ့သို့ လှမ်းသွားပြီး အပေါ်ထပ်သို့ ဦးတည်သွားခဲ့၏။

ဤတစ်ကြိမ်တွင် ထိပ်တန်း နည်းစနစ်တစ်ခုကိုရရန် မျှော်လင့်ချက်ဖြင့် နင်းဖန်သည် ပေါ့ပါးစွာ လှုပ်ရှား သွားလိုက်ပြီး အသက်တစ်ရှိုက်တည်းဖြင့် လှေကားထစ် ရှစ်ဆယ်ကို တက်ကာ တစ်ကြိမ်မျှ အနားမယူ ခဲ့ချေ။

နောက်ဆုံး ခုန်ပေါက်မှုတစ်ခုဖြင့် သူသည် ကျမ်းစာဆောင်၏ အဋ္ဌမထပ်သို့ ဝင်ရောက်သွားခဲ့လေ၏။

အဋ္ဌမထပ်သည် ကျယ်ဝန်းဆဲဖြစ်သော်လည်း ကျောက်စိမ်းပြားအရေအတွက်မှာ သိသိသာသာ နည်းပါး နေခဲ့သည်။

၎င်းမှာ ပုံမှန်ပင် ဖြစ်၏။

နည်းစနစ် အဆင့် မြင့်တက်လာသည်နှင့်အမျှ ထိုက်ရီအစစ်အမှန်ဂိုဏ်းကဲ့သို့သော ထိပ်တန်း အင်အားစု တစ်ခုပင်လျှင် သိုလှောင်မှု နည်းပါးလာ

မည်မှာ မလွှဲမရှောင်သာနိုင်သော အရာဖြစ်ပေသည်။

ဤသည်ကို မျှော်လင့်ထားပြီးဖြစ်၍ နင်းဖန်သည် စိတ်ပျက်သည့် အမူအရာ မပြဘဲ လေ့ကျင့်ရန် တန်ဖိုး ရှိသည့် နည်းစနစ်များ ရှိ၊ မရှိ ချက်ချင်း စတင် စစ်ဆေးလိုက်လေ၏။

သူ မသိခဲ့သည်မှာ အဋ္ဌမထပ်သို့ သူ၏ လှုပ်ရှားမှုက တိမ်များအထက်တွင် လွင့်မျောနေသော ကျယ်ပြော လှသည့် လျှို့ဝှက်နယ်မြေအတွင်း ရှန်းရင်းဆန်ခတ် ဖြစ်သွားစေခဲ့ခြင်းပင်။

စက္ကန့်ပိုင်းအလိုက လှုပ်ရှားနေခဲ့သော တပည့်များသည် နေရာမှာပင် အေးခဲသွားခဲ့ကြ၏။ ထို့နောက် အံ့အားသင့်စွာ အသက်ရှူသံများ တစ်လှိုင်းပြီးတစ်လှိုင်း ထွက်ပေါ်လာကာ ဒီရေလှိုင်းကဲ့သို့ ပြန့်နှံ့ သွားခဲ့သည်။

"ဘုရားရေ..."

"ငါ မြင်တာ မှန်ရဲ့လား..."

"နင်းဖန်က အဋ္ဌမထပ်ကို ရောက်သွားတာလား..."

"နင်းဖန်... မဟုတ်ဘူး စီနီယာအစ်ကိုနင်း... သူက လူလား ဒါမှမဟုတ် နတ်ဘုရားလား..."

"သာမန် သေမျိုးခန္ဓာကိုယ်လေးနဲ့ ကျမ်းစာဆောင်ရဲ့ အဋ္ဌမထပ်ကို တိုက်ရိုက် ခြေချသွားတာပဲ....။ အောက်ဘုံနယ်မြေကို ကြည့်လို့ရတဲ့ အနုပညာကို ဂိုဏ်းချုပ် ကိုယ်တိုင် ဖန်တီးထားတာသာ မဟုတ်ရင် တစ်ယောက်ယောက်က ငါ့ကို လှည့်စားနေတယ်လို့တောင် ထင်မိမှာပဲ...။"

"ဒါက အမြင်ကို ချိုးဖျက်တယ်... သာမန် အသိတရားကို ချိုးဖျက်ပစ်လိုက်တာပဲ...။"

"ငါတို့ရဲ့ သူတော်စင်နဲ့ သူတော်စင်မိန်းမပျိုတောင် အဋ္ဌမထပ်ကိုပဲ ရောက်

ခဲ့တာလေ...။"

"ဂိုဏ်းချုပ်က နင်းဖန်ကို တပည့်အဖြစ် လက်ခံဖို့ သူ့ရာထူးကနေ နုတ်ထွက်ခဲ့တာ အံ့သြစရာတော့ မဟုတ်ဘူး... အရင်ကတော့ သူ အလျှင်စလို လုပ်လိုက်တယ်လို့ ထင်ခဲ့တာ အခုတော့ ငါက အတွေး အခေါ် တိမ်လွန်းတာကို သိသွားပြီ... ဒီလူက သူတော်စင်နဲ့ ယှဉ်နိုင်တဲ့ အလားအလာ တကယ် ရှိနေတာပဲ...။"

"ရွှေရောင် အကြေးခွံဆိုတာ ရေကန်ထဲက သတ္တဝါ မဟုတ်ဘူး... လေနဲ့ တိမ်ကို တွေ့တာနဲ့ သူက နဂါးတစ်ကောင် ဖြစ်သွားမှာပဲ... ဒီနေ့ အရေးမပါ တဲ့ အပြင်စည်း အစမ်းခန့်တပည့်လေးက... ကောင်းကင်ဘုံကို တက်လှမ်း သွားပြီ...။"

အပြင်စည်းတပည့်ဖြစ်စေ၊ အတွင်းစည်း အထက်တန်းစားဖြစ်စေ။

အားလုံးက နင်းဖန်ကြောင့် အဆုံးမရှိ ဆူညံစွာ အော်ဟစ်လိုက်ကြလေ တော့၏။

အုပ်ထိန်းသူများနှင့် တောင်ထိပ်အရှင်သခင်အဆင့် အကြီးအကဲများမှာ ၎င်းကို မတားဆီးနိုင်ခဲ့ကြချေ။ ပိုမို တိကျစွာ ဆိုရလျှင် သူတို့၏ ကိုယ်ပိုင် နှလုံးသားများမှာလည်း လုံးဝ မတည်ငြိမ်နိုင်ခဲ့ကြချေ။

အဘယ်ကြောင့်ဆိုသော် တပည့်များထက် သူတို့က ကျမ်းစာဆောင်၏ အဋ္ဌမထပ်သည် မည်သည့်အရာ ကို ဆိုလိုကြောင်း အတိအကျ သိရှိထား သောကြောင့်ပင်။

"ကြီးမြတ်တဲ့ ခေတ်တစ်ခု ရောက်လာပြီ... ကောင်းကင်က ငါတို့ဂိုဏ်းကို ကောင်းချီးပေးတာပဲ...။"

"ခေတ်တစ်ခေတ်တည်းမှာ အဋ္ဌမထပ် ပါရမီရှိတဲ့ တပည့် သုံးယောက်

ပေါ်ထွက်လာတာပဲ...။"

"ပြီးတော့ ဒီတစ်ယောက်က သေမျိုးခန္ဓာကိုယ်တောင် ဖြစ်နေသေးတယ်...။"

တောင်ထိပ်အရှင်သခင်အဆင့် အကြီးအကဲတစ်ဦးက စိတ်လှုပ်ရှားစွာဖြင့် မျက်ရည်ကျလာခဲ့၏။

လီချန်မင်၊ ရှီယိုဝေ၊ ကျူးကော့မင်နှင့် အခြားသူများအားလုံး၏ နှုတ်ခမ်းများမှာ တုန်ယင်နေကြပြီး စကားမပြောနိုင်ကြချေ။

ဂိုဏ်းချုပ်သည် တပည့်လက်ခံမည့် ကိစ္စနှင့် ပတ်သက်၍ ယွီရှူရှမ်းနှင့် ဆက်လက် မငြင်းခုံတော့ချေ။

သူတို့နှစ်ဦးစလုံးသည် အောက်ဘက်တွင် တည်ငြိမ်စွာဖြင့် နည်းစနစ်တစ်ခုကို ရွေးချယ်နေသော နင်းဖန် ကို စိုက်ကြည့်နေကြပြီး သူတို့၏ မျက်လုံးများတွင် အံ့အားသင့်မှုများ ပြည့်နှက်နေခဲ့၏။

အခိက စက်ဝိုင်းတစ်ခုလုံးတွင် သူတော်စင် တစ်ဦးတည်းသာ မျက်စိရှေ့တွင် မှောင်မိုက်သွားပြီး မြေကြီး ပေါ်သို့ လဲကျလုမတတ် ဖြစ်သွားခဲ့သည်။

သူ၏ နှလုံးသားထဲတွင် အတွေးတစ်ခုတည်းသာ ပဲ့တင်ထပ်နေခဲ့၏။

*ငါတော့ သွားပါပြီ...*

***